ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
Email: monrec@nugmyanmar.org

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရက် (၁၀၀) အတွင်း လုပ်ငန်းဆောင်ရွက်တိုးတက်မှု

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကြားကာလအစီအမံများအဖြစ် CDM လှုပ်ရှားမှု ဆက်လက်ရှင်သန်အားကောင်းစေရေးနှင့် စစ်ကောင်စီကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်း၊ လမ်းကြောင်းများဖြတ်တောက်ရေး အစီအမံများကို ဆောင်ရွက်လျက်ရှိပြီး ရေရှည်အစီအစဉ်များအနေဖြင့် ဖက်ဒရယ်သယံဇာတမူဝါဒ ရေးဆွဲရေးနှင့် ပြည်သူဗဟိုပြု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် ချမှတ်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဝန်ကြီးဌာန၏ ကြားကာလနှင့် ရေရှည်လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင် (၁၆-၄-၂၀၂၁) မှ (၂၄-၇-၂၀၂၁) ရက်နေ့အထိ ရက် (၁၀၀) အတွင်း <u>လုပ်ငန်းတိုးတက်မှု အနှစ်ချုပ်</u>မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝန်ကြီးဌာန၏ မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက် (Mission) နှင့် အခြေခံမူများ (Basic Principles) ရေးဆွဲ၍ ပြည်ထောင်စုဝန်ကြီးချုပ်ရုံး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊

(ခ) ဝန်ကြီးဌာန၏ ကြားကာလ ဖွဲ့စည်းပုံနှင့် တရားဝင်တံဆိပ်တို့ကို ရေးဆွဲ၍ ပြည်ထောင်စုဝန်ကြီးချုပ်ရုံး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊

(ဂ) ဝန်ကြီးဌာနအောက်ရှိ သစ်တောသယံဇာတစီမံအုပ်ချုပ်မှုဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပုလဲနှင့်ကျောက်မျက်ရတနာလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့၏ ကြားကာလဖွဲ့စည်းပုံနှင့် လုပ်ငန်းစီမံချက်များ၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအစီ အစဉ်များရေးဆွဲခြင်း၊

(ဃ) ဝန်ကြီးဌာန၏ လူမှုကွန်ယက်မီဒီယာများဖြစ်သည့် Facebook ၊ Twitter ၊ Telegram Channel နှင့် တရားဝင် Website https://monrec.nugmyanmar.org/ များ ဖွင့်၍ ဝန်ကြီးဌာန၏ တော်လှန်ရေးဆိုင်ရာ လုပ်ငန်းများ၊ CDM လှုပ်ရှားမှုများ၊ ကြားကာလ

အစီအစဉ်များ၊ ပတ်ဝန်းကျင်နှင့် ဇက်ဒရယ်သယံဇာတဆိုင်ရာ ပြည်သူလူထု အသိညာဏ် ဖွင့်ပညာပေး အစီအစဉ်များကို တင်ပြခြင်း၊

(င) စားဝတ်နေရေး အခက်အခဲရှိသည့် CDM ဝန်ထမ်းများအား အခြေခံကျသည့် အထောက်အပံ့များ ပေးနိုင်ရေးအတွက် CDM Success Committee သို့ တင်ပြတောင်းခံ၍ ထောက်ပံ့ခြင်းနှင့် ပြင်ပရန်ပုံငွေအဖွဲ့ အစည်းများထံမှ ရန်ပုံငွေ တောင်းခံနိုင်ရေး အတွက် Small Grant Funding Proposal ရေးဆွဲနိုင်ရေး NGO ၊ CSO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊

(စ) စစ်ကောင်စီ၏ နိုင်ငံတကာတွင် တရားဝင်မှု (Legitimacy) ဖြတ်တောက်နိုင်ရေး မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ ရန်ပုံငွေအဖွဲ့များနှင့် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများတွင် စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုဘဲ အမျိုးသားညီညွတ်ရေးအစိုးရနှင့်သာ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ကောင်စီခန့် National Focal Points များကို ကန့်ကွက်လွှာ ပေးပို့ခြင်း၊ NUG မှ ခန့်အပ်မည့် National Focal Points များကို သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် နိုင်ငံများသို့ အဆိုပြုနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေ (Global Environment Facility – GEF)၊ ဇီဝမျိုးစုံ မျိုးကွဲညီလာခံ (Convention on Biological Diversity – CBD)၊ ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP)၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနများသို့ အဆိုပါ ကန့်ကွက်စာနှင့် NUG မှ ခန့်အပ်မည့် National Focal Points အဆိုပြုလွှာများပေးပို့ခြင်း၊

(ဆ) "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျော ညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီစဉ် (Nationally Determined Contributions- NDC)" ကို UNFCCC Secretariat ရုံးသို့ တင်ပြခြင်း၊

(ဇ) "အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ MONREC ဝန်ကြီးဌာနသည် တရားဝင်ခြင်း မရှိသည့်အတွက် ယင်းဝန်ကြီးဌာနက ခွင့်ပြုသည့် သတ္တု၊ ကျောက်မျက်၊ ပုလဲနှင့် သစ်သယံဇာတများ စမ်းသပ်တူးဖော်ထုတ်လုပ် ရောင်းချခြင်းဆိုင်ရာ ခွင့်ပြုမိန့်နှင့် စီမံကိန်းများအား အမျိုးသားညီညွတ်ရေးအစိုးရက အသိအမှတ်ပြုလက်ခံမည် မဟုတ်ကြောင်း" ထုတ်ပြန်ကြေညာချက် (၂/၂၀၂၁) ထုတ်ပြန်ခြင်းနှင့် "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက်

နိုင်ငံတကာအဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း” ထုတ်ပြန်ကြေညာချက် (၁၃/၂၀၂၁) ထုတ်ပြန်ခြင်း၊

(ဈ) ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းနှင့် တက္ကသိုလ် (၁၂) ခုတို့ရှိ CDM ဝန်ထမ်းများကိုဖိနှိပ်ပြီး စစ်ကောင်စီအားပေး လုပ်ကိုင်လျက်ရှိသည့် အဆင့်မြင့်ဝန်ထမ်းများကို အမည်ပျက်စာရင်း ကြေညာသည့် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်း၊

(ည) ဌာနများရှိ CDM ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးမှ တွေ့ဆုံ၍ အခက်အခဲများ မေးမြန်း၍ အတတ်နိုင်ဆုံး ပေါင်းစပ်ဖြေရှင်းကာ အားပေးစကားပြောကြားခြင်း၊

(ဋ) “စစ်အုပ်ချုပ်ရေးကာလများအတွင်း မြန်မာ့သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုအား ဆန်းစစ်လေ့လာခြင်း (သစ်တောနှင့် ပတ်ဝန်းကျင်ကဏ္ဍ)” စာတမ်းထုတ်ပြန်ခြင်း။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ